ပြည်သူ့လွှတ်တော်ရုံး
သုတေသနဌာန

ရက်စွဲ၊ ၂၀၁၅ ခုနှစ်၊ ဇွန်လ ၁၁ ရက်

# ကမ္ဘာ့နိုင်ငံအချို့၏ အငြိမ်းစားယူသောပင်စင်သက်တမ်းများအားလေ့လာခြင်း

## အကျဉ်းချုပ်

ကမ္ဘာပေါ်ရှိနိုင်ငံအသီးသီးတွင် တာဝန်ထမ်းဆောင်လျှက်ရှိသော အလုပ်သမားဝန်ထမ်းများ၏ အငြိမ်းစားယူသော ပင်စင်လုပ်သက် သတ်မှတ်ချက်များမတူညီကြပါ။ အချို့နိုင်ငံများတွင် အငြိမ်းစားယူသော ပင်စင်လုပ်သက်မှာနိမ့်ပြီး အချို့နိုင်ငံများတွင် မြင့်မားနေသည်ကို တွေ့ရှိရပါသည်။ ထို့ပြင်အမျိုးသားနှင့်အမျိုးသမီး အငြိမ်းစားပင်စင်ခံစားခွင့်သက်တမ်းများ မတူညီသော နိုင်ငံများလည်းရှိပါသည်။ အငြိမ်းစားယူသော ပင်စင်လုပ်သက်နှင့်ပတ်သက်၍ လိုက်နာကျင့်သုံးသော ဥပဒေများ၊ ချမှတ်ထားသောမူဝါဒ၊ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းများသည် တစ်နိုင်ငံနှင့်တစ်နိုင်ငံကွဲပြားသဖြင့် အငြိမ်းစားယူသော ပင်စင်သက်တမ်းများမှာလည်း မတူညီဘဲ ကွဲပြားခြားနားလျှက်ရှိပါသည်။ ဤစာတမ်းတိုတွင် အငြိမ်းစားပင်စင်ခံစားခွင့်သက်တမ်းများ ကွဲပြားခြားနားပုံများနှင့်ပတ်သက်၍ ဥရောပနှင့်အာရှနိုင်ငံအချို့၏ ခြားနားမှုများကို လေ့လာသိရှိစေရန်ပြုစုတင်ပြအပ်ပါသည်။

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | နိဒါန်း | ၃ |
| ၂။ | မြန်မာနိုင်ငံ၏လက်ရှိပင်စင်စနစ် | ၃ |
| ၃။ | ပင်စင်အကျိုးခံစားခွင့်ရရှိရန်လိုအပ်သည့်အခြေခံအချက်များ | ၃ |
| ၄။ | လက်ရှိကျင့်သုံးနေသောဥပဒေများနှင့်နည်းဥပဒေများ | ၃ |
| ၅။ | ပင်စင်ရန်ပုံငွေစနစ် | ၄ |
| ၆။ | ပင်စင်သက်တမ်းတိုးမြှင့်ရေး | ၄ |
| ၇။ | ကမ္ဘာ့နိုင်ငံအချို့၏အငြိမ်းစားယူသောပင်စင်သက်တမ်းများ | ၅ |
| | (က) တူရကီနိုင်ငံ | ၅ |
| | (ခ) ဂရိနိုင်ငံ | ၆ |
| | (ဂ) အီတလီနိုင်ငံ | ၆ |
| | (ဃ) ကိုရီးယား၊ လူဇင်ဘတ်၊ ဟန်ဂေရီ | ၇ |
| | (င) ဘိုလီးဗီးယားနိုင်ငံ | ၇ |
| | (စ) ပြင်သစ်နိုင်ငံ | ၇ |
| | (ဆ) တရုတ်နိုင်ငံ | ၈ |
| | (ဇ) ဩစတြီးယား၊ ဩစတြေးလျနှင့် ဘယ်လ်ဂျီယမ်နိုင်ငံ | ၈ |
| | (ဈ) ဆလိုဗက်သမ္မတနိုင်ငံ | ၈ |
| | (ည) ထိုင်ဝမ်နိုင်ငံ | ၉ |
| | (ဋ) ဗြိတိန်နိုင်ငံ | ၉ |
| | (ဌ) ဂျာမနီနိုင်ငံ | ၉ |
| ၈။ | နိဂုံး | ၁၄ |

## နိဒါန်း

၁။ ကမ္ဘာပေါ်ရှိနိုင်ငံအသီးသီးတွင် အလုပ်သမားဝန်ထမ်းများ၏ အငြိမ်းစားပင်စင်ခံစားခွင့်နှင့်ပတ်သက်၍ သတ်မှတ်ချက်များရှိပါသည်။ နိုင်ငံ့တာဝန်ကို ထမ်းဆောင်နေကြသော နိုင်ငံ့ဝန်ထမ်းများအတွက် ပင်စင်စနစ်သည် အရေးကြီးသောအစိတ်အပိုင်းတစ်ခုဖြစ်ပါသည်။ အငြိမ်းစားပင်စင်ခံစားခွင့်နှင့်ပတ်သက်၍ မြန်မာနိုင်ငံ၏ လက်ရှိပင်စင်စနစ်၊ လိုက်နာကျင့်သုံးနေသော ဥပဒေ၊ နည်းဥပဒေများ၊ ပင်စင်အကျိုးခံစားခွင့်ရရှိရန် လိုအပ်သည့်အချက်များ၊ ပင်စင်ရန်ပုံငွေစနစ်နှင့် ကမ္ဘာ့နိုင်ငံအချို့၏ အငြိမ်းစားပင်စင်ခံစားခွင့်ရှိသော သက်တမ်းများအား လေ့လာနိုင်ပါရန် ရှာဖွေရေးသားတင်ပြအပ်ပါသည်။

## မြန်မာနိုင်ငံ၏လက်ရှိပင်စင်စနစ်

၂။ မြန်မာနိုင်ငံတွင် နိုင်ငံ့ဝန်ထမ်းအသုံးစရိတ်သည် နိုင်ငံတော်ဘဏ္ဍာရန်ပုံငွေမှ တိုက်ရိုက်ကျခံသောစနစ်ဖြစ်ပါသည်။ ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပင်စင်ဦးစီးဌာနသည် ဝန်ကြီးဌာန၊ ဦးစီးဌာနများနှင့် နိုင်ငံတော်ပိုင်လုပ်ငန်းအဖွဲ့အစည်းများမှ အငြိမ်းစားယူသွားကြသော နိုင်ငံ့ဝန်ထမ်းများ၏ ပင်စင်ခံစားခွင့်အတွက် တာဝန်ယူဆောင်ရွက်ပေးလျက်ရှိပါသည်။ ပင်စင်ကိစ္စများအဆင်ပြေချောမွေ့ပြီး လျင်မြန်စွာထုတ်ယူနိုင်ရေးအတွက် တိုင်းဒေသကြီးများနှင့် ပြည်နယ်များတွင် ရုံးပေါင်း (၁၇) ရုံးဖွင့်လှစ်တာဝန်ယူ ဆောင်ရွက်လျက်ရှိပါသည်။

## ပင်စင်အကျိုးခံစားခွင့်ရရှိရန်လိုအပ်သည့်အခြေခံအချက်များ

၃။ နိုင်ငံ့ဝန်ထမ်းတစ်ဦး ပင်စင်အကျိုးခံစားခွင့်ရရှိရန်အတွက် အောက်ဖော်ပြပါအခြေခံအချက်များနှင့် ညီညွတ်ရန်လိုအပ်ပါသည်-

(က) နိုင်ငံတော်အစိုးရ၏ အဖွဲ့အစည်းတစ်ရပ်ရပ်တွင် တာဝန်ထမ်းဆောင်ခြင်း၊

(ခ) အမြဲတမ်းနှင့် အတည်ခန့်အလုပ်အကိုင်ဖြစ်ခြင်း၊

(ဂ) လုပ်ခလစာကို ပြည်သူ့ဘဏ္ဍာရန်ပုံငွေမှကျခံခြင်း၊

## လက်ရှိကျင့်သုံးနေသောဥပဒေများနှင့်နည်းဥပဒေများ

၄။ ပင်စင်အကျိုးခံစားခွင့်များအတွက် လက်ရှိကျင့်သုံးနေသော ဥပဒေများနှင့် နည်းဥပဒေများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) နိုင်ငံ့ဝန်ထမ်းဥပဒေ ၊ နည်းဥပဒေ

(ခ) အသစ်ထုတ်ပြန်ပြီးသည့် နိုင်ငံ့ဝန်ထမ်းဥပဒေနှင့် မဆန့်ကျင်သော မြို့ပြဝန်ထမ်း စည်းမျဉ်းများ (၁၉၂၀)၊ မြန်မာပြည်ထပ်ဆင့်ထုတ် မြို့ပြဝန်ထမ်းစည်းမျဉ်း ဥပဒေများ (၁၉၂၅)၊ မြန်မာနိုင်ငံ အထူးပင်စင်ပေးရေးနည်းဥပဒေများ (၁၉၄၁)၊ ပင်စင်နည်းဥပဒေသစ် (၁၉၅၄)

(ဂ) နိုင်ငံ့ဝန်ထမ်းဥပဒေနှင့်ကိုက်ညီမှုရှိသောအမိန့်များနှင့်အမိန့်ကြော်ငြာစာများ(၈.၃.၂၀၀၃)[1]

## ပင်စင်ရန်ပုံငွေစနစ်

၅။ ပင်စင်ရန်ပုံငွေစနစ်ဆိုသည်မှာ နိုင်ငံ့ဝန်ထမ်းပင်စင်စားများအတွက် နိုင်ငံတော်ဘတ်ဂျက်မှတစ်ဆင့် ကြိုတင်စုဆောင်းပေးထားသည့် ရန်ပုံငွေတစ်ရပ်ဖြစ်သည်။ နိုင်ငံတကာတွင် ရန်ပုံငွေ ပင်စင်စနစ်ကို ကျင့်သုံးလျှက်ရှိပါသည်။ ယင်းစနစ်ကိုထူထောင်နိုင်ရန်အတွက်လာမည့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် အသစ်ခန့်အပ်လိုက်သော နိုင်ငံ့ဝန်ထမ်းများ၏ တစ်ဦးချင်းလစာငွေ၏ ၆ ရာခိုင် နှုန်းနှင့် ညီမျှသောငွေကို နိုင်ငံတော်ဘတ်ဂျက်မှတစ်ဆင့် ပင်စင်ရန်ပုံငွေထဲတွင် လစဉ်ထည့်သွင်း စုဆောင်းပေးသွားရန် နိုင်ငံတော်မှ စီစဉ်ဆောင်ရွက်လျှက်ရှိပါသည်။[2]

## ပင်စင်သက်တမ်းတိုးမြှင့်ရေး

၆။ နိုင်ငံ့ဝန်ထမ်းများ၏ သက်ပြည့်ပင်စင်ခံစားရမည့်အသက်ကို တိုးမြှင့်ပေးရေးအတွက် လက်ရှိအချိန်တွင် စဉ်းစားနေပြီး ဘက်ပေါင်းစုံချိန်ညှိကာ ဆောင်ရွက်ပေးသွားရန် စီစဉ်လျှက် ရှိပါသည်။ သို့သော်လည်း လက်ရှိပင်စင်သက်တမ်းကို အသက် ၆၀ နှစ်ထက် တိုးမြှင့်သတ်မှတ် ခဲ့ပါက ရာထူးအဆင့်အလိုက် လစ်လပ်နေရာမရှိသောကြောင့် နိုင်ငံ့ဝန်ထမ်းများ၏ ရာထူး တိုးမြှင့်ရေးအတွက် ရာထူးနေရာပိတ်ဆို့မှု ဖြစ်ပေါ်လာနိုင်ခြင်း၊ ဘွဲ့ရလူငယ်များအား နိုင်ငံ့ ဝန်ထမ်းအဖြစ် အပြည့်အဝခန့်ထားနိုင်ခြင်းမရှိသောကြောင့် ဘွဲ့ရလူငယ်များအလုပ်အကိုင် ရရှိ ရေး ကျပ်တည်းလာနိုင်ခြင်း၊ ထို့အတူနိုင်ငံ့ဝန်ထမ်းအများစုအနေဖြင့် သက်ပြည့်ပင်စင် ခံစား နိုင်ရန်အတွက် အချိန်ပိုမိုကြာမြင့်စွာတာဝန်ထမ်းဆောင်ရမည်ဖြစ်သဖြင့် ကျန်းမာရေး၊ လူမှုရေး စသည့် အခက်အခဲများကြောင့် သက်မှတ်အသက်မပြည့်မီ အငြိမ်းစားယူရမည့် အချို့သော ဝန်ထမ်းများအတွက် သက်ပြည့်ပင်စင်ခံစားခွင့်ဆုံးရှုံးနိုင်မည့် အခြေအနေများရှိနိုင်ခြင်း၊ နိုင်ငံ့ ဝန်ထမ်းတစ်ဦးအငြိမ်းစားယူရမည့်အသက်ကိုသတ်မှတ်ရာတွင် နိုင်ငံ၏လူဦးရေ၊ လူဦးရေတိုး

[1] မြန်မာနိုင်ငံ၏ လက်ရှိပင်စင်စနစ်၊ ၄-၉-၂၀၁၄၊ ပင်စင်ဦးစီးဌာန၊ available from: http://eyangon.gov.mm/my/agency/682#.VWbFuEbQiVI/ [accessed 19 May 2015]

[2] လာမည့်ဘဏ္ဍာနှစ်မှစတင်ကာ အသစ်ခန့်အပ်မည့် နိုင်ငံ့ဝန်ထမ်းများအတွက် ပင်စင်ရန်ပုံငွေစနစ်ထူထောင်ကာ လစဉ်လစာ၏ ၆ ရာခိုင်နှုန်းကို နိုင်ငံတော် ဘတ်ဂျက်မှ စုဆောင်းပေးသွားမည်၊ ၃-၇-၂၀၁၄၊ available from: http://www.dailydemocracytoday.com/2014-03-04-06-50-07/item/306-2014-07-05-12-08-08/ 306-2014-07-05-12-08-08/[ accessed 19 May 2015]

နှုန်း၊ စာတတ်မြောက်မှု၊ စီးပွားရေးတောင့်တင်းခိုင်မာမှု၊ နိုင်ငံ၏ GDP ၊ နိုင်ငံ့ဝန်ထမ်းဖွဲ့စည်းပုံနှင့်အင်အား၊ လူ့သက်တမ်း၊ ကျန်းမာရေးစောင့်ရှောက်မှုစသည်တို့ကို ဘက်စုံထောင့်စုံ လေ့လာသုံးသပ်ပြီးမှသာ ဆောင်ရွက်ရန်သင့်ပါသည်။

၇။ အာဆီယံအဖွဲ့ဝင်(၁၀)နိုင်ငံတွင် မြန်မာနိုင်ငံအပါအဝင် ၈ နိုင်ငံတို့သည် ဝန်ထမ်းများအငြိမ်းစားယူရမည့်အသက်ကို ၆၀ နှစ်ဟူ၍သတ်မှတ်ကျင့်သုံးလျက်ရှိပါသည်။ နိုင်ငံ့ဝန်ထမ်းများအသက်ပိုကြီးလာသည်နှင့်အမျှ ကျန်းမာရေးကျဆင်းလာသဖြင့် နိုင်ငံတော်အနေနှင့် ဆေးဝါးကုသစရိတ် ပိုမိုကုန်ကျလာနိုင်သကဲ့သို့ တစ်ဖက်တွင်လည်း ၎င်း၏လုပ်ငန်းစွမ်းဆောင်ရည်ကိုအပြည့်အဝ ရယူသုံးစွဲနိုင်ခြင်းမရှိသည့် အခြေအနေများရှိလာနိုင်ပါသည်။[3]

## ကမ္ဘာ့နိုင်ငံအချို့၏အငြိမ်းစားယူသောပင်စင်သက်တမ်းများ

၈။ နိုင်ငံတစ်နိုင်ငံ၏ဝန်ထမ်းများ အငြိမ်းစားပင်စင်ခံစားခွင့်နှင့်ပတ်သက်၍ ကမ္ဘာ့နိုင်ငံအသီးသီးရှိ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ ယဉ်ကျေးမှု၊ လူဦးရေတိုးပွားနှုန်းနှင့် မွေးဖွားမှုနှုန်းကျဆင်းခြင်းများ မတူညီသဖြင့် ၎င်းနိုင်ငံအချို့၏ အငြိမ်းစားပင်စင်ခံစားခွင့် ရှိသောသက်တမ်းများ ကွဲပြားခြားနားကြပုံကို အောက်ပါအတိုင်းဖော်ပြအပ်ပါသည်-

**(က) တူရကီနိုင်ငံ။** တူရကီနိုင်ငံသည်ကမ္ဘာပေါ်တွင် အငြိမ်းစားပင်စင်လုပ်သက်အနိမ့်ဆုံးနိုင်ငံတစ်ခုဖြစ်ပါသည်။ လွန်ခဲ့သောနှစ်အနည်းက အငြိမ်းစား ပင်စင်လုပ်သက်ကို နှစ် ၆၀ ဟု သတ်မှတ်ခဲ့ကြပါသည်။ မကြာသေးခင်က တူရကီနိုင်ငံ၏စီးပွားရေးကျဆင်းခြင်းကြောင့် အငြိမ်းစားပင်စင်ခံစားခွင့်အသက်ကို ၄၅ နှစ်သို့လျှော့ချခဲ့ပါသည်။ သို့သော်မည်သည့်တူရကီအလုပ်သမားအတွက်မဆို လုပ်သက်ပြည့်ပင်စင်ကို လုပ်သက် ၂၅ နှစ်ဟုသတ်မှတ်ထားပါသည်။ အသက် ၄၅ နှစ်ပြည့်လျှင် တူရကီအလုပ်သမားများသည် ၎င်းတို့၏ဆန္ဒအရ အငြိမ်းစားယူနိုင်ပြီးအလုပ်ရှင်ထံမှ ပင်စင်ထောက်ပံ့ငွေ အပြည့်အဝခံစားခွင့်ရရှိပါသည်။ ဤသို့အစောဆုံးအငြိမ်းစားယူခြင်းသည် နိုင်ငံကိုချွတ်ခြုံကျရန် ခြိမ်းခြောက်နေသကဲ့သို့လူအများသည်လည်း တရားဝင်အငြိမ်းစားယူရန် ကြိုးပမ်းလာကြပါသည်။ ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလတွင်လူမှုဖူလုံရေးအတွက် နိုင်ငံ၏အသားတင်ထုတ်ကုန် ၄ ရာခိုင်နှုန်းကို သုံးစွဲခဲ့သည်။ (The Organization For Economic Co-

[3] ပင်စင်ယူရမည့်အသက်ကန့်သတ်ချက် တိုးမြှင့်သတ်မှတ်ရေးများစွာခက်ခဲနေ၊ ၁၂-၅-၂၀၁၅၊ စိုင်းလမင်း၊ ဧဝေယံ၊ available from: http://www.popular myanmar.com/mpaper/2015/05/%E1%80%95%E1%80%84%E1%80%B9%E1%80%85%E1%80%84% E1%80%B9%E1%80%9A%E1%80%B0%E1%80%9B%E1%80%99%E1%80%8A%E1%80%B9%E1%80%B7%E1%80%A1%E1%80%9E%E1%80%80%E1%80%B9%E1%80%80%E1%80%94%E1%80%B9%E1%82%95/ [accessed 22 May 2015]

operation and Development - OECD) ၏ ဖော်ပြချက်အရ တူရကီနိုင်ငံတွင် အငြိမ်းစားပင်စင်ခံစားခွင့် အသက်ကို ၂၀၄၆ ခုနှစ်တွင် အမျိုးသားများနှင့် ၂၀၄၈ ခုနှစ်တွင် အမျိုးသမီးများအတွက်အသက် ၆၅ နှစ်အထိတိုးမြှင့်သတ်မှတ်ရန် မျှော်မှန်းထားပါသည်။

**(ခ) ဂရိနိုင်ငံ။** ဂရိနိုင်ငံ၌ ၁၉၅၉ ခုနှစ်တွင် ပင်စင်ခံစားခွင့်ကို အသက် ၅၅ နှစ်ဟု သတ်မှတ်ခဲ့ပြီး အငြိမ်းစားပင်စင်ခံစားခွင့်သက်တမ်းမှာ အလွန်နိမ့်ကျပါသည်။ အလုပ်သမားများသည် အသက် ၅၇ နှစ်ပြည့်လျှင် ၎င်းတို့၏ဆန္ဒအရ အငြိမ်းစား ပင်စင်ခံစားခွင့်ယူနိုင်ပြီး ပင်စင်ထောက်ပံ့ငွေ အပြည့်အဝခံစားခွင့်ရှိပါသည်။ ယခု လက်ရှိအချိန်တွင်အသက် ၅၇ နှစ်ပြည့်လျှင် အငြိမ်းစားပင်စင်ခံစားခွင့်ရှိသည်ဟု သက်တမ်း ၂ နှစ်တိုး၍ သတ်မှတ်ထားပါသည်။ အလုပ်လက်မဲ့များကို နိုင်ငံတော် မှ ကူညီထောက်ပံ့မှုတာဝန်များအား ထိရောက်စွာစီမံခန့်ခွဲရန်နှင့် တစ်ချိန်တည်း တွင် ဘတ်ဂျက်လိုငွေလျှော့ချရန်အတွက် ဂရိနိုင်ငံတွင် စောစီးစွာအငြိမ်းစား ယူခြင်းအား တားမြစ်ရန်စီစဉ်နေကြသည်။ အငြိမ်းစားပင်စင်ခံစားခွင့်သက်တမ်း ကို ၂၀၁၅ ခုနှစ်တွင်အသက် ၆၃ နှစ်အထိ တိုးမြှင့်သတ်မှတ်ရန် မျှော်မှန်းထား ပါသည်။

**(ဂ) အီတလီနိုင်ငံ။** အီတလီနိုင်ငံတွင် အလုပ်သမားများသည် အသက် ၅၉ နှစ်ပြည့်လျှင် အငြိမ်းစားခံစားခွင့်ရှိပါသည်။ အချို့နိုင်ငံများကဲ့သို့ အငြိမ်းစား ခံစားခွင့်အသက်သတ်မှတ်ချက်မှာ နိမ့်ကျပါသည်။ အီတလီနိုင်ငံတွင် အငြိမ်းစား ခံစားခွင့်သတ်မှတ်ခြင်း ပြောင်းလဲနေမှုမှာ ထူးခြားလှပါသည်။ (ဥပမာ - ၁၉၇၉ ခုနှစ်တွင် အငြိမ်းစားခံစားခွင့်သတ်မှတ်ခြင်းကို ၆၀ နှစ်ဟုသတ်မှတ်ထားရာမှ ၁၉၈၀ ခုနှစ်နှင့် ၁၉၉၀ ခုနှစ်တွင်အသက် ၅၅ နှစ်ဟု လျှော့ချသတ်မှတ်ခဲ့သည်။) ယခုလက်ရှိအချိန်တွင် အငြိမ်းစားခံစားခွင့်ကိုအသက် ၅၉ နှစ်အထိ တိုးမြှင့် သတ်မှတ်ခဲ့သည်။ ယခုလက်ရှိဥပဒေအရ အီတလီနိုင်ငံ၏ အငြိမ်းစားခံစားခွင့် အသက်ကို၂၀၃၀ ခုနှစ်တွင် ၆၅ နှစ် အထိ တိုးမြှင့်သတ်မှတ်ရန် စီစဉ်ဆောင်ရွက် လျက်ရှိပါသည်။

(ဃ) **ကိုရီးယား၊ လူဇင်ဘတ်၊ ဟန်ဂေရီ။** ကိုရီးယား၊ လူဇင်ဘတ်၊ ဟန်ဂေရီနိုင်ငံများတွင် အခြားသောနိုင်ငံများကဲ့သို့ အမျိုးသမီးများသည် အမျိုးသားများထက် စောစီးစွာ အငြိမ်းစားပင်စင်ခံစားခွင့်ရှိပါသည်။

(င) **ဘိုလီးဗီးယားနိုင်ငံ။** ဘိုလီးဗီးယားနိုင်ငံတွင် အလုပ်သမားများအတွက် အငြိမ်းစားပင်စင်ခံစားခွင့်သက်တမ်းမှာ အမျိုးသားများအတွက် အသက် ၆၅ နှစ်ဖြစ်ပြီး အမျိုးသမီးများအတွက် အသက် ၆၀ နှစ်တွင် အငြိမ်းစားပင်စင်ခံစားခွင့်ရှိကြောင်းသိရှိရပါသည်။ သို့ရာတွင်ဝန်ထမ်းများ၏ စွမ်းဆောင်ရည်ကို အပြည့်အဝသုံးစွဲနိုင်ခြင်းမရှိသောကြောင့် အငြိမ်းစားပင်စင်ခံစားခွင့်ရှိသည့် အသက်ကို ၅၈ နှစ်သို့ လျှော့ချသတ်မှတ်ခဲ့ပါသည်။ နိုင်ငံအတွင်းတွင် အငြိမ်းစားပင်စင်ခံစားခွင့်ရှိသည့်သက်တမ်းကို လျှော့ချသတ်မှတ်သည်နှင့်တစ်ချိန်တည်းတွင် နိုင်ငံတော်မှ ပင်စင်ရန်ပုံငွေတစ်ရပ်ကို စုဆောင်းပေးမည်ဖြစ်သည်။ ထိုဆုံးဖြတ်ချက်သည် မွေးဖွားမှုနှုန်းကျဆင်းနေချိန်တွင် မျှော်မှန်းသက်တမ်းကို မြင့်တင်နိုင်ရေးကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး အငြိမ်းစားပင်စင်ခံစားခွင့်ရှိသော သက်တမ်းကို တိုးမြှင့်သတ်မှတ်ပေးနေသော ကမ္ဘာလုံးဆိုင်ရာဦးတည်ချက်နှင့် ဆန့်ကျင်လျက်ရှိပါသည်။ ထိုအင်တိုက်အားတိုက် ဆောင်ရွက်ခြင်း၏ အကျိုးသက်ရောက်မှုသည် နိုင်ငံတိုင်းတွင်သုံးလေ့ရှိသော ပင်စင်လစာကို ထောက်ပံ့ပေးနိုင်မည့် နည်းလမ်းကောင်းတစ်ခုဖြစ်သည်။[4]

(စ) **ပြင်သစ်နိုင်ငံ။** ပြင်သစ်နိုင်ငံသည် ၎င်းတို့၏ဘတ်ဂျက်လိုငွေပြမှုကို ဖြေရှင်းရန်နည်းလမ်းတစ်ခုအဖြစ် ၂၀၁၈ တွင် အငြိမ်းစားခံစားခွင့်လုပ်သက်အား အသက် ၆၀ နှစ်မှ ၆၂ နှစ်ထိ တိုးမြှင့်သတ်မှတ်ရန် စီစဉ်လျက်ရှိပါသည်။ ၎င်းစီမံချက်သည် ဝင်ငွေခွန်တိုးမြှင့်ရရှိစေရန် ရည်ရွယ်ပါသည်။ ထို့အပြင်စတော့ဈေးကွက်များ၊ ငွေလုံးငွေရင်းများ ပိုမိုများပြားလာစေရန်နှင့် အခြားရင်းနှီးမြှုပ်နှံမှုမှဝင်ငွေများ တိုးမြှင့်ရရှိလာစေရန်လည်း ရည်ရွယ်ပါသည်။ ယခုကဲ့သို့အငြိမ်းစားခံစားခွင့်လုပ်သက်အား တိုးမြှင့်သတ်မှတ်ပြီးသည့်တိုင်အောင် ပြင်သစ်နိုင်ငံသည် စက်မှုဖွံ့ဖြိုး

[4]Top 10 Countries With A Low Retirement Age, 16-7-2013, available from: http://beforeitsnews.com/alternative/2013/07/top-10-countries-with-a-low-retirement-age-2712562.html/[accessed 20 May 2015]

ပြီး ကမ္ဘာ့နိုင်ငံများတွင် အငြိမ်းစားခံစားခွင့်လုပ်သက် အနိမ့်ဆုံးနိုင်ငံတစ်နိုင်ငံ ဖြစ်နေသေးကြောင်း အမျိုးသားကုန်သွယ်မှုအဖွဲ့မှ ဝေဖန်ပြောဆိုခဲ့ပါ သည်။

**(ဆ) တရုတ်နိုင်ငံ။** တရုတ်နိုင်ငံတွင်အငြိမ်းစားခံစားခွင့်လုပ်သက်အား အမျိုးသားများအတွက် အသက် ၆၀ နှစ်နှင့် အမျိုးသမီးများအတွက်အသက် ၅၅ နှစ်ဟု သတ်မှတ်ထားပါသည်။သို့သော်တရုတ်အစိုးရသည် အငြိမ်းစားခံစားခွင့်လုပ်သက်အား ခေတ်နှင့်အညီ ပြင်ဆင်သတ်မှတ်ရန် အစီအစဉ်များ ချမှတ်ဆောင်ရွက်လျှက်ရှိပါသည်။ ၎င်းအစီအစဉ်တွင် အမျိုးသားနှင့်အမျိုးသမီးများ တူညီသောအသက်အပိုင်းအခြားတွင် အငြိမ်းစားပင်စင်ခံစားခွင့်ရှိစေရန်နှင့် အလုပ်သမားများအတွက် ကောင်းမွန်သည့်နည်းလမ်းတစ်ခုမှာ ၎င်းတို့သည်အစိုးရကသတ်မှတ်ထားသော အသက်အပိုင်းအခြားတွင် အငြိမ်းစားယူလိုခြင်း သို့မဟုတ် ဆက်လက်၍တာဝန်ထမ်းဆောင်လိုပါက ၎င်းတို့၏အလုပ်ရှင်နှင့် ညှိနှိုင်းဆောင်ရွက်နိုင်ခြင်းပင်ဖြစ်ပါသည်။ ထိုကဲ့သို့အငြိမ်းစား ပင်စင်ခံစားခွင့်လုပ်သက်အား တိုးမြှင့်သတ်မှတ်ခြင်းအားဖြင့် တရုတ်နိုင်ငံ၏သက်ကြီးရွယ်အိုများအား ကျန်းမာဖွံ့ဖြိုးတိုးတက်သော လူမှုအသိုက်အဝန်းတစ်ရပ် ဖြစ်ပေါ်လာစေသည့် နည်းလမ်းကောင်းတစ်ရပ်လည်းဖြစ်ပါသည်။

**(ဇ) ဩစတြီးယား၊ ဩစတြေးလျနှင့် ဘယ်လ်ဂျီယမ်နိုင်ငံ။** ဩစတြီးယား၊ ဩစတြေးလျနှင့်ဘယ်လ်ဂျီယမ်တွင် အစောဆုံးပင်စင်ယူရမည့်အလုပ်သမားများသည် အသက် ၆၀ နှစ်ဖြစ်ပါသည်။ သို့သော်ငြားလည်း အသက် ၆၅ နှစ်အထိ ဆက်လက်၍ အလုပ်လုပ်နိုင်ပြီး သက်ပြည့်ပင်စင်၏ အကျိုးခံစားခွင့်များကိုလည်း ရရှိပါသည်။

**(ဈ) ဆလိုဗက်သမ္မတနိုင်ငံ။** ဆလိုဗက်သမ္မတနိုင်ငံရှိ အလုပ်သမားဝန်ထမ်းများ အငြိမ်းစားပင်စင်ခံစားခွင့်မှာ အမျိုးသားများအတွက် အသက် ၆၁ နှစ်ဖြစ်ပြီး အမျိုးသမီးများအတွက်အသက် ၅၈ နှစ် သတ်မှတ်ထားပါသည်။ ယခုလက်ရှိ အချိန်တွင် အငြိမ်းစားပင်စင်ခံစားခွင့်ကို အသက် ၆၅နှစ် အထိ တိုးမြှင့် သတ်မှတ်ပေးရန် စီစဉ်လျှက်ရှိပါသည်။ ၂၀၅၀ ခုနှစ်တွင် တိုင်းပြည်အတွင်း အငြိမ်းစား

ယူမည့် အသက်ကြီးပုဂ္ဂိုလ်များ ပိုမိုတိုးတက်လာနိုင်သည်ဟု မျှော်မှန်းထားပါသည်။[5]

**(ည) ထိုင်ဝမ်နိုင်ငံ။** နိုင်ငံအများစုသည် အသက် ၁၅ နှစ်နှင့် ၆၄ နှစ်ကြားလူများကို အလုပ်လုပ်သောလူဦးရေအဖြစ် သတ်မှတ်ထားပါသည်။ သို့သော် ထိုင်ဝမ်တွင် အသက် ၁၅ နှစ်အထက်ရှိမှသာ အလုပ်လုပ်ကိုင်ခွင့်ရှိပါသည်။ ၂၀၀၈ ခုနှစ်နောက်ပိုင်းတွင် အာမခံအလုပ်သမားဝန်ထမ်း၏ အငြိမ်းစားပင်စင်ခံစားခွင့်ကို အသက် ၆၀ မှ ၆၅ နှစ်ထိတိုးမြှင့်သတ်မှတ်ခဲ့ပါသည်။ ၁၉၈၄ ခုနှစ် ကတည်းကပင် အငြိမ်းစားပင်စင်ခံစားခွင့်ကို ပထမအကြိမ်အဖြစ်တိုးမြှင့်သတ်မှတ်ပေးခဲ့ပါသည်။ သက်ကြီးလူဦးရေများတိုးပွားလာခဲ့သဖြင့် ပြောင်းလဲမှုများပြုလုပ် ပြီးသည့်နောက်တွင် နိုင်ငံအတွင်း အငြင်းပွားမှုများလျော့နည်းလာပါသည်။ ၂၀၁၀ ခုနှစ် ထိုင်ဝမ်၏မှတ်တမ်းအရ နှစ်ပေါင်း ၃၀ ကျော်အတွင်း နိုင်ငံ၏ စီးပွားရေးအခြေအနေမှာ တစ်နှစ်တာနှုန်းထားများအရ အလျင်မြန်ဆုံးတိုးတက်လာခဲ့သဖြင့် အလုပ်သမား ဦးရေမှာ ၃ ရာခိုင်နှုန်းထိ တိုးတက်လာခဲ့ပါသည်။

**(ဋ) ဗြိတိန်နိုင်ငံ။** ဗြိတိန်နိုင်ငံတွင် အငြိမ်းစားပင်စင်ခံစားခွင့်သက်တမ်းနှင့် ပင်စင်လစာများ ပြန်လည်ပြင်ဆင်၍တိုးမြှင့်ပေးရန် အစီအစဉ်များဆောင်ရွက်လျှက်ရှိပါသည်။ ၂၀၁၆ ခုနှစ်တွင် အငြိမ်းစား ပင်စင်ခံစားခွင့်ကို အသက် ၆၅ နှစ်မှ ၆၆ နှစ်ထိလည်းကောင်း၊ ၂၀၄၆ ခုနှစ်တွင် ၆၈ နှစ်အထိ တိုးမြှင့်သတ်မှတ်ပေးရန် စီစဉ်ထားသော်လည်း မကြာသေးမီအချိန်ကပင် အငြိမ်းစားပင်စင်ခံစားခွင့်ကို အသက် ၇၀ အထိတိုးမြှင့်သတ်မှတ်ပေးရန် ထုတ်ဖော်ပြောကြားခဲ့ပါသည်။ ဗြိတိန်နိုင်ငံနှင့် အကျိုးဆောင်အဖွဲ့များပူးပေါင်း၍ အစီအစဉ်သစ်များကို စတင်ဆောင်ရွက်ခဲ့သော်လည်း ဗြိတိန်နိုင်ငံရေးသမားများအနေဖြင့် ဘဝအခြေခံကောင်းများ ရရှိစေရေးနှင့် ပင်စင်စနစ်ကိုပြင်ဆင်၍ တိုးမြှင့်သတ်မှတ်ပေးရန် မျှော်မှန်းခဲ့ကြပါသည်။ ဗြိတိန်နိုင်ငံ၏ မျှော်မှန်းသက်တမ်းသည် အမျိုးသားများအတွက်အသက် ၇၇ နှစ်နှင့် အမျိုးသမီးများအတွက် အသက် ၈၁ နှစ် ဖြစ်ပါသည်။

**(ဌ) ဂျာမနီနိုင်ငံ။** ဂျာမနီအစိုးရသည် အငြိမ်းစားပင်စင်ခံစားခွင့် သက်တမ်းကို အသက် ၆၄ နှစ်မှ ၆၇ နှစ်အထိတိုးမြှင့်သတ်မှတ်ပေးရန် ၂၀၀၇ ခုနှစ်မှစတင်

[5] Top 10 Countries With A Low Retirement Age, 16-7-2013, available from: http://top-10-list.org/2013/07/16/top-10-countries-with-low-retirement-age/2/[accessed 20 May 2015]

စီစဉ်ခဲ့ပြီး ၂၀၁၂ ခုနှစ်မှစ၍တိုးမြှင့်သတ်မှတ်ပေးခဲ့ပါသည်။ နိုင်ငံအတွင်း မွေးဖွားမှုနှုန်းကျဆင်းခြင်းနှင့် သက်ကြီးရွယ်အိုဦးရေတိုးပွားလာမှုသည်လည်း အရေးကြီးဆုံး ကဏ္ဍတစ်ခုဖြစ်ပါသည်။ ဥရောပဥ္စဂျာမနီနိုင်ငံသည် ကလေးမွေးဖွားမှုနှုန်းအနည်းဆုံးသော နိုင်ငံများတွင်ပါဝင်နေပြီး ၂၀၃၅ ခုနှစ်တွင် အသက် ၆၅ နှစ်နှင့်အထက်သက်ကြီးရွယ်အိုဦးရေမှာ နှစ်ဆပိုမိုတိုးတက်လာနိုင်သည်ဟု ခန့်မှန်းခဲ့ပါသည်။[6]

၉။ ကမ္ဘာပေါ်ရှိနိုင်ငံများအားလုံးသည် နိုင်ငံ၏အခြေအနေပေါ်မူတည်၍ အငြိမ်းစားပင်စင်သက် အမျိုးမျိုးကွဲပြားခြားနားကြသည်ဖြစ်ရာ နိုင်ငံပေါင်း (၆၈) နိုင်ငံ၏ အငြိမ်းစားပင်စင်ခံစားခွင့်သက်တမ်း မတူညီမှုများကို နိုင်ငံနှင့်အသက်အပိုင်းအခြားအလိုက် အောက်ပါအတိုင်းဖော်ပြအပ်ပါသည်-

(က) အသက် (၅၈) နှစ်တွင် အငြိမ်းစားပင်စင်ခံစားသောနိုင်ငံများမှာ-

(၁) အင်ဒိုနီးရှား

(၂) နီပေါနိုင်ငံတို့ဖြစ်ပါသည်။

(ခ) အသက် (၆၀) နှစ်တွင် အငြိမ်းစားပင်စင်ခံစားသောနိုင်ငံများမှာ-

(၁) အိန္ဒိယ

(၂) မလေးရှား

(၃) ပါကစ္စတန်နိုင်ငံတို့ဖြစ်ပါသည်။

(ဂ) အသက် (၆၂) နှစ်တွင် အငြိမ်းစားပင်စင်ခံစားသောနိုင်ငံများမှာ-

(၁) ပြင်သစ်

(၂) ဟန်ဂေရီ

(၃) လတ်ဗီးယား

(၄) ဆော်ဒီအာရေးဗီးယား

(၅) ဆလိုဗက်ကီးယားနိုင်ငံတို့ဖြစ်ပါသည်။

---

[6] Raising The Retirement Age: 5 Countries Testing The Waters, 28-6-2010, Amy Bell, available from: http://www.investopedia.com/financial-edge/0710/raising-the-retirement-age-5-countries-testing-the-waters.aspx/accessed/[21 May 2015]

(ဃ) အသက် (၆၃) နှစ်တွင် အငြိမ်းစားပင်စင်ခံစားသောနိုင်ငံမှာအာမေးနီးယားနိုင်ငံ ဖြစ်ပါသည်။

(င) အသက် (၆၄)နှစ်တွင် အငြိမ်းစားပင်စင်ခံစားသောနိုင်ငံမှာ လိုက်တင်ရှတိုင်းနိုင်ငံ ဖြစ်ပါသည်။

(စ) အသက် (၆၅) နှစ်တွင် အငြိမ်းစားပင်စင်ခံစားသောနိုင်ငံများမှာ-

(၁) ဩစတေးလျ

(၂) ဘယ်လ်ဂျီယံ

(၃) ဘော့စနီးယား

(၄) ဆိုက်ပရပ်စ်

(၅) ဂျာမနီ

(၆) ကိုဆိုဗို

(၇) လူဇင်ဘတ်

(၈) နယူးဇီလန်

(၉) စပိန်နိုင်ငံတို့ ဖြစ်ပါသည်။

(ဆ) အသက် (၆၆) နှစ်တွင် အငြိမ်းစားပင်စင်ခံစားသောနိုင်ငံမှာပေါ်တူဂီနိုင်ငံ ဖြစ်ပါသည်။

(ဇ) အသက် (၆၇) နှစ်တွင် အငြိမ်းစားပင်စင်ခံစားသောနိုင်ငံများမှာ-

(၁) အိုက်စလန်

(၂) နော်ဝေနိုင်ငံတို့ ဖြစ်ပါသည်။

(ဈ) ကာလတစ်ခုသတ်မှတ်၍ အငြိမ်းစားပင်စင်ခံစားသောနိုင်ငံများမှာ-

| | | |
|---|---|---|
| (၁) | တောင်ကိုရီးယား | (၅၆-၅၈) |
| (၂) | ဂျပန် | (၆၀-၆၅) |
| (၃) | ဆွီဒင် | (၆၁-၆၇) |
| (၄) | ဖင်လန် | (၆၂-၆၈) |
| (၅) | စကော့ပူ | (၆၂-၆၅) |

(၆) အမေရိကန်ပြည်ထောင်စု (၆၂-၆၇)

(၇) ဒိန်းမတ် (၆၅-၆၇)

(၈) အိုက်ယာလန် (၆၅-၆၆)

(၉) နယ်သာလန် (၆၅-၆၇) တို့ ဖြစ်ပါသည်။

(ဠ) အမျိုးသားများနှင့် အမျိုးသမီးများ အငြိမ်းစားပင်စင်ခံစားခွင့် မတူညီသော နိုင်ငံ (၃၅) နိုင်ငံရှိပါသည်။ ၎င်းတို့မှာ-

| စဉ် | နိုင်ငံ | အမျိုးသား | အမျိုးသမီး |
|---|---|---|---|
| ၁။ | ဘီလာရုစ် | ၆၀ | ၅၅ |
| ၂။ | တရုတ် | ၆၀ | ၅၀-၅၅ |
| ၃။ | ရုရှား | ၆၀ | ၅၅ |
| ၄။ | တူရကီ | ၆၀ | ၅၈ |
| ၅။ | ယူကရိန်း | ၆၀ | ၅၅-၆၀ |
| ၆။ | ဥဇဘက်ကစ္စတန် | ၆၀ | ၅၅ |
| ၇။ | ဗီယက်နမ် | ၆၀ | ၅၅ |
| ၈။ | မာလ်တာ | ၆၁ | ၆၀ |
| ၉။ | အဇာဘိုင်ဂျန် | ၆၂ | ၅၉ |
| ၁၀။ | ကိုလံဘီယာ | ၆၂ | ၅၇ |
| ၁၁။ | တာ့မင်နစ္စတန် | ၆၂ | ၅၇ |
| ၁၂။ | ဘူလ်ဂေးရီးယား | ၆၃ | ၆၀ |
| ၁၃။ | ချက်သမ္မတနိုင်ငံ | ၆၃ | ၅၉-၆၃ |
| ၁၄။ | အက်စတိုးနီးယား | ၆၃ | ၆၂ |
| ၁၅။ | ကာဇက်စတန် | ၆၃ | ၅၈ |
| ၁၆။ | ကာဂျစ်စတန် | ၆၃ | ၅၈ |

| **စဉ်** | **နိုင်ငံ** | **အမျိုးသား** | **အမျိုးသမီး** |
|---|---|---|---|
| ၁၇။ | လစ်သူရေးနီးယား | ၆၃ | ၆၁ |
| ၁၈။ | ဆလိုဗေးနီးယား | ၆၃ | ၆၁ |
| ၁၉။ | တာဂျစ်ကစ္စတန် | ၅၈-၆၃ | ၆၁-၆၇ |
| ၂၀။ | မက်ဆီဒိုးနီးယား | ၆၄ | ၆၂ |
| ၂၁။ | ရိုမေးနီးယား | ၆၄ | ၅၉ |
| ၂၂။ | အယ်လ်ဘေးနီးယား | ၆၅ | ၆၀ |
| ၂၃။ | ဩစတြီးယား | ၆၅ | ၆၀ |
| ၂၄။ | ချီလီ | ၆၅ | ၆၀ |
| ၂၅။ | ခရိုအေးရှား | ၆၅ | ၆၀ |
| ၂၆။ | ဂျော်ဂျီယာ | ၆၅ | ၆၀ |
| ၂၇။ | မော်ဒိုဗာ | ၆၅ | ၆၀ |
| ၂၈။ | မွန်တီနီဂရိုး | ၆၅ | ၆၀ |
| ၂၉။ | ပိုလန် | ၆၅-၆၇ | ၆၀-၆၇ |
| ၃၀။ | ဆားဗီးယား | ၆၅ | ၆၀ |
| ၃၁။ | ဆွစ်ဇာလန် | ၆၅ | ၆၄ |
| ၃၂။ | ဗြိတိန် | ၆၅ | ၆၀ |
| ၃၃။ | အီတလီ | ၆၆ | ၆၄ |
| ၃၄။ | ဂရိ | ၆၇ | ၆၀-၆၇ |
| ၃၅။ | အစ္စရေး | ၆၇ | ၆၂[7] |

[7] Retirement age, available from: http://en.wikipedia.org/wiki/Retirement_age/[accessed 15 May 2015]

**နိဂုံး**

၁၀။ ကမ္ဘာ့နိုင်ငံအသီးသီးရှိ အသက်အပိုင်းအခြားအလိုက် အငြိမ်းစားပင်စင်ခံစားသည့် အထက်ဖော်ပြပါနိုင်ငံများတွင် ဥရောပနိုင်ငံအများစုသည် အသက် ၆၅ နှစ်ဝန်းကျင်တွင် အငြိမ်းစားယူကြပြီး အာရှနိုင်ငံအများစုသည် အသက် ၆၀ နှစ်ဝန်းကျင်တွင် အငြိမ်းစားယူကြကြောင်းကို တွေ့ရှိရပါသည်။ ဤသို့ကွာခြားရခြင်းသည် ကျန်းမာရေးကဏ္ဍတွင် တိုးတက်မှုအခြေအနေကွာဟမှု၊ လူတစ်ဦးချင်းမျှော်မှန်းပျမ်းမျှသက်တမ်းနှင့် သက်ကြီးဦးရေများပြားမှုအခြေအနေများ၊ စီးပွားရေးတိုးတက်မှုနှင့်အတူ လုပ်ခလစာကွာဟမှုအခြေအနေများ၊ ရာထူးပိတ်ဆို့မှုနှင့် အလုပ်လက်မဲ့ဖြစ်ပေါ်နေမှုများကဲ့သို့သော အခြေအနေများမဖြစ်ပေါ်အောင် လူ့စွမ်းအားအရင်းအမြစ်များကို စနစ်တကျနေရာချထားပေးမှုနှင့်စပ်လျဉ်းသည့် ခြားနားချက်များကို လေ့လာသုံးသပ်တွေ့ရှိရပါသည်။

၁၁။ ဤသို့ဖြင့်ကမ္ဘာ့နိုင်ငံများတွင် အငြိမ်းစားယူသောပင်စင်လုပ်သက် သတ်မှတ်ချက်များမှာ အခြေအနေအရပ်ရပ်ပေါ်မူတည်၍ မတူကွဲပြားခြားနားနေမှုများကို လေ့လာခြင်းအားဖြင့် မိမိနိုင်ငံတွင်လည်း အငြိမ်းစားယူသောပင်စင်လုပ်သက်သတ်မှတ်ရန် ဆွေးနွေးရာတွင် ဤစာတမ်းတိုသည် တစ်စိတ်တစ်ပိုင်းအထောက်အကူပြုနိုင်မည်ဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။

သုတေသနဌာန

ပြည်သူ့လွှတ်တော်ရုံး

**သတိပြုရန်**

ဤသတင်းအချက်အလက်သည် လွှတ်တော်ကိုယ်စားလှယ်များအား ၎င်းတို့၏ လွှတ်တော်ဆိုင်ရာ တာဝန်များကို ဆောင်ရွက်ရာတွင် အထောက်အကူပြုရန်အတွက် ဖြစ်ပါသည်။ ပုဂ္ဂိုလ်ရေးဆိုင်ရာ ကိစ္စ တစ်စုံတစ်ခုအတွက် အသုံးပြုရန်မဟုတ်ပါ။ အချိန်နှင့်တပြေးညီ နောက်ဆုံးရသတင်းဖြစ်မည်ဟု သတ်မှတ် မထားသင့်ပါ။ ဤအချက်အလက်များအား တရားဝင် သို့မဟုတ် ပညာရှင်ဆိုင်ရာအကြံပေးချက်အဖြစ် မသတ်မှတ်သင့်ပါ။ အထူးအကြံပေးချက် သို့မဟုတ် သတင်းအချက်အလက်များလိုအပ်ပါက အရည် အသွေးပြည့်မီသော သင့်လျော်သည့် ကျွမ်းကျင်ပညာရှင်နှင့် ဆွေးနွေးတိုင်ပင်သင့်ပါသည်။ လွှတ်တော် သုတေသနဝန်ဆောင်မှုသည် စာတမ်းတိုများတွင် ပါဝင်သောအကြောင်းအရာများနှင့် စပ်လျဉ်း၍ လွှတ်တော် ကိုယ်စားလှယ်များ၊ လွှတ်တော်ဝန်ထမ်းများနှင့် ဆွေးနွေးမှုများ ပြုလုပ်ပေးနိုင်ပါသည်။ အများပြည်သူနှင့် ဆွေးနွေးမှုများ ပြုလုပ်ခြင်းမရှိပါ။

သုတေသနလုပ်ငန်းဆိုင်ရာ စုံစမ်းမေးမြန်းမှုများပြုလုပ်ရန် (သို့မဟုတ်) သုတေသနဌာနအားလာရောက်လေ့လာရန် အောက်ပါလိပ်စာအတိုင်း ဆက်သွယ်နိုင်ပါသည် -

သုတေသနဌာန -

ပြည်သူ့လွှတ်တော် C ဆောင် - ဒုတိယထပ်
တယ်လီဖုန်း - ၀၆၇-၅၉၁၂၈၄
၀၆၇-၅၉၁၂၈၅

Research Dept; Email - pyithuhluttawresearch@gmail.com